WORLD BANK GROUP

သတင်းထုတ်ပြန်ချက်

---

# မြန်မာ့ဆန်စျေးနှုန်း အတက်အကျ မြန်ဆန်နေမှုက ဆင်းရဲနွမ်းပါးမှုအန္တရာယ် ကြီးလာစေနိုင်သော်လည်း ဂရုတစိုက် စီမံခန့်ခွဲခြင်းဖြင့် ဖြေရှင်းနိုင်မည့် အလားအလာရှိ

**ရန်ကုန်၊ နိုဝင်ဘာ ၂၄၊ ၂၀၁၄** - ကမ္ဘာ့ဘဏ်၏ လေ့လာမှု အသစ်အရ အာရှတိုက်ရှိ အခြား ဆန်တင်ပို့သော နိုင်ငံများအနက် မြန်မာနိုင်ငံရှိ ဆန်စျေးနှုန်းမငြိမ်မှုသည် အမြင့်ဆုံး ဖြစ်နေခြင်းကြောင့် တောင်သူ လယ်သမားများသည် အကျိုးအမြတ် အပြည့်အဝ မရနိုင်အောင် ဖြစ်နေရပြီး အိမ်ထောင်စု အများ အတွက်လည်း ဆင်းရဲ နွမ်းပါးမှု ဂင်ငွေမျဉ်း သို့မဟုတ် ထိုမျဉ်းအနီးအနားမှာ ရောက်ရှိနေကြရကြောင်း သိရသည်။

မကြာခင်က ထုတ်ပြန်ခဲ့သော ကမ္ဘာ့ဘဏ်၏ *"မြန်မာနိုင်ငံ- ဆန်စျေးနှုန်း အတက်အကျ မြန်ဆန်နေမှုနှင့် ဆင်းရဲမွဲတေမှု လျှော့ချရေး"* အစီရင်ခံစာတွင် ၂၀၀၉-၂၀၁၃ ခုနှစ်အတွင်း ဆန်စျေးနှုန်းသည် ၄၀ ရာခိုင်နှုန်းအထိ မြင့်တက် လာခဲ့သောကြောင့် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးကို လည်းကောင်း၊ ပြည်ပနိုင်ငံများနှင့် ပြိုင်ဆိုင်နိုင်စွမ်းအပေါ်တွင် လည်းကောင်း ဖိအားများ ကျရောက်ခဲ့ကြောင်း ဖော်ပြ ထားသည်။

*"စိုက်ပျိုးရေးကဏ္ဍဟာ မြန်မာနိုင်ငံမှာ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးရဲ့ အဓိက အကျဆုံးနေရာမှာ တည်ရှိ နေပါတယ်။ ဆန်စျေးနှုန်းတွေ အပြောင်းအလဲများနေတာက ဆန်စပါးထုတ်လုပ်မှုအပေါ် မှီခိုပြီး အသက်မွေးဝမ်းကျောင်းပြုနေရတဲ့ ပြည်သူ ၅၀ ရာခိုင်နှုန်းနီးပါးလောက်ကို အကျိုးသက်ရောက်မှု ရှိပါတယ်။"* ဟု ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေ ကိုယ်စားလှယ် အဗ္ဗဒူလာရေ ဆက်က ပြောသည်။ *"ကျေးလက် ဒေသနေ လူဦးရေ အများစုဟာဆိုရင် ဆင်းရဲမှု မျဉ်းနားမှာ ကပ်နေတဲ့အပြင် သူတို့ဝင်ငွေရဲ့ ၆၀ ရာခိုင် နှုန်းကျော်လောက်ကို စားရေး အတွက် ကုန်ကျနေရပါတယ်။ ဆန်စျေးနှုန်း ခဏလောက် တက်ခဲ့ရင်တောင်မှ အဲဒါဟာ သူတို့ရဲ့အမှန်ဝင်ငွေနဲ့ ကျန်းမာရေး၊ ပညာရေး ဒါမှမဟုတ် ပိုမိုအာဟာရ ပြည့်ဝတဲ့ အစားအစာတွေ အတွက် အိမ်ထောင်စုတွေရဲ့အသုံးစရိတ်တွေကို လျှော့နည်းသွားစေပါတယ်။ တကယ်မှာတော့ ဆန်စျေးနှုန်း မတည်ငြိမ်မှုကိစ္စဟာ မြန်မာနိုင်ငံက လူတိုင်းနဲ့သက်ဆိုင်တဲ့ ကိစ္စရပ်ဖြစ်ပါတယ်။"*

မြန်မာနိုင်ငံတွင် ဆန်စျေးနှုန်း အတက်အကျမြန်ဆန်မှုကို အဓိကဖြစ်စေသည့် အချက်သည် နိုဝင်ဘာနှင့် ဒီဇင်ဘာ နှစ်လ အတွင်း စပါးအလုံးအရင်း ပေါ်ထွက်လာမှုနှင့် အဓိက သက်ဆိုင်ပါသည်။ မျိုးစပါး စျေးကွက် စုစည်းမှု အားနည်းခြင်း၊ လမ်းပန်းဆက်သွယ်ရေး အားနည်းခြင်း၊ တယ်လီဖုန်း ဆက်သွယ်ရေး ကွန်ရက်များ အားနည်းခြင်း၊ စျေးကွက် သတင်း အချက်အလက်များ ယုံကြည်စိတ်ချရမှု မရှိခြင်း၊ ပို့ကုန် အမျိုးအမည် စုံလင်မှု အားနည်းခြင်း၊ ဆန်စပါးများ သိုလှောင်ထားနိုင်ရန် အတွက် ကုန်ကျစရိတ်များမြင့်မားခြင်းတို့သည် ဆန်စပါးစျေးနှုန်း အတက်အကျ အပြောင်းအလဲ ဖြစ်မှုကို ပိုမို ကြီးမားအောင် လုပ်ဆောင်နေသော အချက်များဖြစ်ကြသည်။

*"စျေးနှုန်းမတည်ငြိမ်မှုကို ကိုင်တွယ်ဆောင်ရွက်နိုင်ဖို့ အမှန်တကယ် လက်ရှိဖြစ်ပျက်နေတဲ့ အခြေအနေနဲ့ ပတ်သက်ပြီး ခွဲခြမ်းစိတ်ဖြာ လေ့လာဆန်းစစ်မှုတစ်ခုကို ကောင်းကောင်းပြုလုပ်ဖို့ လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆန်စပါး ထုတ်လုပ်မှုဆိုတာက ရာသီအလိုက်ပြုလုပ်ရတဲ့ အရာဖြစ်တဲ့အပြင် ဒီစျေးနှုန်း မတည်ငြိမ်မှုက စိုက်ပျိုးရေး စျေးကွက်တွေထဲမှာ ဖြစ်လေ့ရှိတဲ့ ကိစ္စရပ်တစ်ခုပါ။"* ဟု ယခု အစီရင်ခံစာအား ဦးဆောင်ရေးသားသူ ကမ္ဘာ့ဘဏ်၏ အကြီးတန်း စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးပညာရှင် **Sergiy Zorya** က ပြောသည်။ *"ရေတိုကိုပဲကြည့်ပြီးချမှတ်ထားတဲ့ မူဝါဒတွေ အလုပ်ဖြစ်ခဲ့လို့ စျေးတည်ငြိမ်ခဲ့မယ် ဆိုရင်တောင် တည်ငြိမ်တဲ့စျေးနှုန်းတွေချည်းသက်သက်နဲ့တော့ စိုက်ပျိုးရေး ကဏ္ဍ ရေရှည်ကြီးထွားဖွံ့ဖြိုးမှုကို ဖြစ်စေမှာ မဟုတ်ပါဘူး။ ပြည်ပပို့ကုန် ကန့်သတ်မှုတွေ၊ အနိမ့်ဆုံး ဆန်စျေးနှုန်း သတ်မှတ်မှုတွေ ဒါမှမဟုတ် အစိုးရပိုင် အရန်ဆန်သိုလှောင်မှုတွေလိုမျိုး ရေတိုအရေးယူ ဆောင်ရွက်မှုတွေက ဆန်စျေးနှုန်းမတည်ငြိမ်မှု တချို့ကို လျော့ကျကောင်း လျော့ကျစေမှာဖြစ်ပေမဲ့ ရေရှည် ကာလမှာတော့ အစားအစာ ဖူလုံမှုနဲ့ ဆင်းရဲမွဲတေမှု လျှော့ချ ရေးတို့အတွက် အပြုသဘောဆောင်တဲ့ ရလဒ်တွေကို ထုတ်လုပ်ပေးမှု နည်းပါးမှာ ဖြစ်တယ်"* ဟု ၎င်းက ဆက်လက်ပြောသည်။

ယခု အစီရင်ခံစာအရ တစ်နှစ်တာ ကာလပတ်လုံး ဆန်စပါး ထွက်ရှိမှု ညီညီမျှမျှ ဖြစ်အောင် စိုက်ပျိုး ထုတ်လုပ်ခြင်းဖြင့် ဆန်ဈေးနှုန်း မတည်ငြိမ်မှုကို လျှော့ချနိုင်ကြောင်း ဖော်ပြထားသည်။ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် စရိတ်သက်သာမှု ရှိခြင်း၊ ဆန်စက်ရုံများနှင့် ကုန်သည်များအတွက် ငွေကြေး အရင်းအနှီးရှာဖွေနိုင်မည့် နည်းလမ်းများ တိုးတက် ကောင်းမွန်လာစေခြင်းဖြင့် သိုလှောင်စရိတ်များ လျှော့ကျပြီး ဆန်စပါးသိုလှောင်ထားနိုင်သည့် ကုန်သည် အရေအတွက် တိုးပွားလာစေမည် ဖြစ်သည်။ ထို့ကြောင့် စပါးဈေး အတက်အကျ ညင်သာလာမည်ဖြစ်သည်။ ကျေးလက် ဒေသများတွင် လမ်းနှင့် တယ်လီဖုန်း ဆက်သွယ်ရေး အခြေခံ အဆောက်အဦများ အတွက် ရင်းနှီး မြှုပ်နှံမှုကလည်း ဈေးကွက် ပေါင်းစည်းမှုကို တိုးတက်စေနိုင်ပြီး ဈေးကွက်၏ သဘောသဘာဝနှင့် လိုက်လျော ညီထွေမှု ရှိသည့် ဆန်စပါး ဈေးနှုန်း တည်ငြိမ်မှုကို ထိန်းထားနိုင်ရန် ကူညီပေးနိုင်မည် ဖြစ်သည်။

*"ဆန်ဈေးနှုန်း အတက်အကျကို တည်ငြိမ်စေမယ့် ဘယ်လိုနည်းဗျူဟာမျိုးကိုပဲသုံးသုံး ဒီကိစ္စရဲ့နောက်ကွယ်က စနစ်ကြောင့်ဖြစ်တဲ့ အကြောင်းတရားတွေကို ဖြေရှင်းနိုင်ရပါလိမ့်မယ်။ နိုင်ငံတကာ အတွေ့အကြုံတွေကနေ တွေ့ရတာ တစ်ခုက ဆေးမြီးတိုတွေသုံးပြီး ဈေးနှုန်းကိစ္စကို ကိုင်တွယ်တာနဲ့ တစ်ဖက်က ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်မှုကို ထိန်းသိမ်းတာနဲ့ ကြားမှာ အခြေအနေတစ်ရပ်ကို ရွေးချယ်မယ်ဆို နောက် အခြေအနေ တစ်ရပ်ကို လက်လွှတ်နိုင်ရမယ့် အဖြစ်မျိုး သိသိသာသာ ရှိနေပါတယ်။ ရေရှည်သွားနေမယ့် စနစ်နဲ့ ဆိုင်တဲ့ ရေးရာ ကိစ္စတွေကို ဖြစ်ရှင်းမယ်ဆိုရင် စိုက်ပျိုးရေးနဲ့ အခြေခံ အဆောက်အဦကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံတာ၊ စီးပွားရေးလုပ်လို့ ကောင်းမယ့် အနေအထား ပတ်ဝန်းကျင်ဖြစ်အောင် လုပ်ဆောင်တာ၊ လူမှု လုံခြုံမှု အစီအမံတွေ ကောင်းအောင် လုပ်တာ စတဲ့ နည်းတွေကိုပဲ သုံးရမှာ ဖြစ်ပါတယ်။ ပွင့်လင်း လွတ်လပ်တဲ့ ကုန်သွယ်ရေး ဆိုတာဟာလည်း မြန်မာနိုင်ငံအတွက် ရှေ့ဆုံးမှာ ထားရမယ့် တစ်ခုတည်းသော မူဝါဒ ပန်းတိုင်ဖြစ်သင့်ပါတယ်"* ဟု **ကမ္ဘာ့ဘဏ်၏ အရှေ့တောင် အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ulrich Zachau** က ပြောသည်။

ကမ္ဘာ့ဘဏ်သည် မြန်မာနိုင်ငံအား ကူညီသွားရန် ရည်ရွယ်ထားသော နည်းပညာပိုင်းအရ အကူအညီများအနက် တစ်ခုဖြစ်သည့် မြန်မာနိုင်ငံ၏ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုနှင့် ဆန်စပါး လုပ်ငန်းခွင်ဆိုင်ရာ လေ့လာမှု အစီရင်ခံစာများကို ဆက်တိုက် ထုတ်ဝေလျက် ရှိသည်။ သတင်းအချက်အလက်များကို ပိုမို ဖတ်ရှုလိုပါက "Myanmar: Rice Price Volatility and Poverty Reduction" အစီရင်ခံစာကို အွန်လိုင်းတွင် ဖတ်ရှုနိုင်ပါသည်။


**ရန်ကုန်မြို့ရှိ ဆက်သွယ်ရန်ပုဂ္ဂိုလ်များ**

**ကျော်စိုးလင်း** klynn@worldbank.org +95 9 203 1159

**Sergiy Zorya** Szorya@worldbank.org

**ဝါရှင်တန် ဒီစီ**

**Carl Hanlon** chanlon@worldbank.org